
ဖျာပုံရည်လွင်အောင်
ကျွန်တော် မိန်းမလှကျွန်း
နှင့်
တောခြောက်တဲ့ည

ကျွန်တော်တို့ တစ်ရွာလုံးရဲ့ အဓိက အသက်မွေးမှု လုပ်ငန်းသည် ကမျောခုတ်ခြင်း, ထင်းခွေခြင်း၊ သားငါးရှာဖွေခြင်းဆိုတဲ့ အလုပ်များ သာပင် ဖြစ်သည် ။ ဤအလုပ်တွေကို ကျွန်တော် ငယ်စဉ်ထဲက လုပ်ကိုင်ခဲ့ရခြင်းမို့ ကျွမ်းကျင်လှသည် ဟု ၍ ဆိုရပေမည် ဖြစ်သည် ။

ဤသည် ကို အဖေကသိသည် ။ ထိုကြောင့်လည်း အိမ်ရဲ့ စီးပွားရေးကို အဖေ ဦးမဆောင်နိုင်တော့တဲ့ နောက်ပိုင်း ကျွန်တော့်ကိုသာလျှင် ဦးဆောင် လုပ်ကိုင်စေခဲ့သည် ။ အိမ်ရဲ့ တာဝန်ကို ကျွန်တော့် ပုခုံးထက်သို့ လွှဲခဲ့သည် ။

"ငါ့သားကို အဖေအားကိုးတယ်"

ဒီစကားတွေနဲ့ အဖေ ကျွန်တော့်ကို တာဝန်ကျေတဲ့ သားကောင်း တစ်ယောက် ဖြစ်အောင် စွမ်းဆောင်ခဲ့သည် ။ အဖေ အားကိုးတော့လည်း ကျွန်တော် ခါးမကျိုးသမျှ တိုးခဲ့ရတဲ့ ကျွန်တော် မောပေမယ့် ကျွန်တော်ပျော်သည် ။ ဤသို့ဖြင့် ကျွန်တော်သည် တောပျော် တစ်ယောက် ဖြစ်ခဲ့သည် ။

"မောင်ချစ်ကတော့ စံဘဲဟေ့၊ ဘယ်သူတွေ မျောရရ မရရ မောင်ချစ်တို့ ကတော့ ရပြီးသား" ဟူ၍ ပင် ချီးမွမ်းခံခဲ့ရတဲ့ အထိ တောမှာ ပျော်ရင်း တောကြောကို ကျွမ်းခဲ့သည် ။ ဟုတ်သည် ၊ မသိလို့ လည်း ကျွန်တော်မဖြစ်၊ အဖေ အားတက်ဖို့ လိုသည် ။ အမေစိတ် မညစ်ဖို့ လိုသည် ။ ပြီးတော့ ကျွန်တော်ချစ်သူ သူမလည်း ပျော်ရွှင်ဖို့ လိုသည် ။ ဒါကြောင့်လည်း ကျွန်တော်သည် အများ ထက် ပို၍ ကြိုးစားခဲ့ရသည် ။

"သား မင်းရှာလို့ ရသမျှတွေ အမေ အကုန်မသုံးပါဘူး၊ သားရဲ့ ဘဝ ရှေ့ရေးအတွက် မင်းရင်အေးရအောင်၊ အမေ စုဆောင်း ပေးထားပါတယ်"တဲ့ အမေ့စကားတွေ ကျွန်တော့်နားထဲက မထွက်၊ တကယ့်ကိုလည်း အမေ့စကားဟာ နှစ်သက်စရာလို့ ဆိုရမှာ ပါ။ ကျွန်တော့် ဘဝမှာ သည် အဖေ သည် အမေ သည် ပထမ၊ ပြီးလျှင်သူမ သည် ဒုတိယ၊ ဤကဲ့သို့သော နှောင်ဖွဲ့မှု့ သံယောဇဉ်တွေကို တစ်ပေါင်းတည်း ပေါင်းစည်းနိုင်ဖို့ အမေသည် သူတတ်နိုင်သည့်ဖက်က စွမ်းဆောင်၍ ပေးနေခြင်း ဖြစ်သည် ။

"အမေ သဘောတူတယ် သား"

အမေ့နှုတ်ဖျားမှ နှစ်လိုခြင်းများ စွာနဲ့ သူမနဲ့ ကျွန်တော့်ကြား စည်းမခြားဘဲ သမီးသားလို ချစ်နိုင်အောင် အမေကြိုးစားခဲ့သည် ။

"အမေတို့ ကို တာဝန်ကျေတဲ့ သားအတွက် အမေတို့ ဖက်ကလည်း တာဝန်ကျေရမှာ ပေါ့"တဲ့ ။ သည် လိုနဲ့ အမေက စုဆောင်းပေးသည် ။ အဖေကတော့ မင်းတို့ သဘော"တဲ့ ။ ကဲ ကျွန်တော့်ဘဝက အားလုံး ချောမွေ့နေခဲ့သည် ။ ဒါကြောင့်လည်း ကျွန်တော် ကြိုးစားနေရခြင်း ဖြစ်သည် ။

အားလုံးကို စိတ်ချမ်းသာ စေချင်သည် ။ အဖေလည်း စိတ်ချမ်းသာရမည်။ အမေလည်း စိတ်ချမ်းသာရမည်။ ပြီးတော့ သူမလည်း စိတ်ချမ်းသာရမည်။ ဘဝသည် ချမ်းသာတဲ့ အရာတွေ မရှိစေနဲ့ ဦး။ အများ နဲ့ တန်းတူမျှတော့ နေနိုင် ရပေလိမ့်မည်။ ထမင်းရေကို အတူလျက် တဲအိုပျက်မှာ အတူနေဆိုသော ဘဝနဲ့ တော့ သူမကို ကျွန်တော် မထားရက်။ ထို့ကြောင့်လည်း အဖေအတွက် အမေအတွက် ပြီးတော့ သူမအတွက်ဆိုပြီး ရည်ရွယ်ချက်နဲ့ ကြိုးစားခဲ့ခြင်းပင် ဖြစ်သည် ။ သူမလည်း ကျေနပ်ခဲ့

သည် ပေ့ါ။

"မောင်ချစ်ရေ ပော့မောင်ချစ်" အတွေးအာရုဏ်၌ နစ်မျောနေစဉ်မှာဘဲ အိမ်ရှေ့ဆီမှ ခေါ်သံတစ်ချက် ကြားလိုက်ရသည် ။

"အော် ကိုကြီး သံချောင်းပါလား လာလေဗျာ"

ကျွန်တော်သည် အစ်ကိုကြီး သံချောင်းကို အိမ်အတွင်း ဖိတ်ခေါ်လိုက်ရင်း အဖန်ရည်အိုးဖြင့် တည်ခင်း ဧည့်ခံလိုက်သည် ။

"နိုး နေစမ်းပါဦး ကိုကြီးသံချောင်း လာရင်းကိစ္စက"

ကိစ္စအထွေအထူးမရှိဘဲ လာလေ့မရှိသော အစ်ကိုကြီးသံချောင်း အကြောင်းကို နောကျေထား သူပီပီ သူ့လာရင်းကိစ္စကို သိရန် တိုက်ရိုက်ပင် မေးချလိုက်သည် ။

"ဒီလိုကွ မောင်ချစ်ရ၊ အခု ဖျာပုံဘက်က ကုန်သည် တွေ ငါ့ဆီ ဆင်းလာတယ်။ အဲဒါ မျောကောင်း ကောင်းသဘော် နှစ်စင်း,သုံးစင်း တိုက်စာလောက် လိုချင်တယ်လို့ ပြောလို့ မျောရှာကျွမ်းတဲ့ မင်းဆီမှာ များ ရှိလေမလားဆိုပြီး ထွက်လာ အဲဒါ"

"ဟုတ်ကဲ့ ပြောပါကိုကြီး ကျွန်တော် နားထောင် နေပါတယ်"

"ရအောင်ဖြစ်အောင် ကူညီစမ်းပါကွာ"ဆိုတဲ့ ကိုကြီးသံချောင်းရဲ့ စကားကို အလေးအနက်ထား စဉ်းစားရင်းက အကြမ်းတစ်ခွက်ကို မော့၍ သောက်လိုက်သည် ။

ပြီးမှ "မျောက ခုလတ်တလောတော့ ကျွန်တော့်မှာ မရှိဘူး။ အဲ တစ်ခုတော့ရှိတယ်။ စောင့်နိုင်မယ် ဆိုလျှင်တော့"

"အာ စောင့်မှာ ပေ့ါကွာ၊ ရမယ်လို့ သာ မင်းပါးစပ်ကပြောလိုက် ငါ့ဖ

က်က စောင့်ပြီးသား" ဆိုတဲ့ ကိုကြီးသံချောင်းရဲ့ အားတက်သရောဟန်ကို ကြည့်ရင်း ကျွန်တော် အားနာစွာနဲ့ ခေါင်းညိတ် အဖြေပေး လိုက်မိသည် ။

"အကိုကြီး လိုချင်ရင် ရရစေမယ်လို့ တာဝန်ယူတယ်"

"တကယ်နော်"

"အော် ကိုကြီးရယ် တကယ်ပါ"

"အေး အဲဒါဆိုရင် ငါမနက်ဖြန်ကို အိမ်မှာ ရောက်နေတဲ့ ကုန်သည်တွေ မင်းဆီ ခေါ်လာခဲ့မယ်။ မင်းတို့ ချင်း လုပ်ငန်း ကိစ္စကိုပြော။ စရံသဘောမျိုး လိုချင်တယ်ဆိုလည်း သူတို့ ပေးလိမ့်မယ်။ အားမနာနဲ့ လိုရင်တောင်း၊ အဲ မျောကောင်းဖို့ သာ မင်းဘက်က တာဝန်ယူ" ဆိုတဲ့ အကိုကြီး သံချောင်းရဲ့ စကားကို ကျွန်တော်က အပြုံးဖြင့်ကြည့်ရင်း ...

"စိတ်သာချ ကိုကြီး"ဟူ၍ သာ အာမခံရဲရဲဖြင့် ကတိပေးစကား ပြောလိုက်သည် ။

"ကဲ ဒါဆို မင်းဘက်က အဆင်ပြေရင် ငါပြန်မယ်" ဆိုသောစကားဖြင့် နှုတ်ဆတ်ရင်း ထွက်သွားတဲ့ ကိုကြီးသံချောင်းရဲ့ ကျောပြင်ကို ကြည့်ရင်း မျောကောင်းကောင်း ထင်းပေါပေါ ရနိုင်မယ့်တောကို အတွေးဖြင့် ရှာလိုက်မိသည် ။

****